# BALTIMORE COUNTY PUBLIC SCHOOLS
# (ဘော်လ်တီမိုးကောင်တီ အစိုးရကျောင်းများ)

Dr. Myriam Yarbrough • ကျောင်းများ၏ကြီးကြပ်ရေးမှူး• 6901 North Charles Street • Towson, MD • 21204

ဩဂုတ်လ 29 ရက်၊ 2023 ခုနှစ်

လေးစားအပ်ပါသော မိဘများ/အုပ်ထိန်းသူများ-

Baltimore County Public Schools (ဘော်လ်တီမိုးကောင်တီ အစိုးရကျောင်းများ) (BCPS) သည် ကျောင်းသားတိုင်းအား ကမ္ဘာနှင့်အဝှမ်း ယှဉ်ပြိုင်နိုင်စေရန် လိုအပ်သော အလွန်အရေးပါသည့် 21st ရာစု၏ ကျွမ်းကျင်မှုများဖြင့်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းပါသည်။ ဤပန်းတိုင်သို့ရောက်ရှိနိုင်ရန်မှာ ကျွန်ုပ်တို့၏စာသင်ခန်းများတွင် အသိအမှတ်ပြုလက်မှတ်ရဆရာများရှိခြင်းအပေါ် မူတည်ကြောင်း ကျွန်ုပ်တို့သိပါသည်။

သင့်ကလေး၏ အတန်းတွင် သင်ကြားသော ဆရာ၏ အောက်ပါဖော်ပြထားသည်တို့အပါအဝင် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များနှင့် ပတ်သက်၍ အချက်အလက်များကို သင့်အနေဖြင့် တောင်းခံရယူပိုင်ခွင့် ရှိပါသည်-

- ဆရာက ကိုင်ဆောင်ထားသော မည်သည့် ကောလိပ် သို့မဟုတ် တက္ကသိုလ်တစ်ခုခုမဆိုထံမှ ရရှိခဲ့သော ဘွဲ့ဒီဂရီ သို့မဟုတ် အောင်လက်မှတ်များ။
- ဆရာ၏ ဘွဲ့ဒီဂရီ သို့မဟုတ် အောင်လက်မှတ်၏ ဘာသာရပ်နယ်ပယ်။
- အဆိုပါဆရာသည် သီးသန့် အတန်းအဆင့်တစ်ခု သို့မဟုတ် ဘာသာရပ်နယ်ပယ် တစ်ခုကို သင်ကြားရန် Maryland ပြည်နယ်မှ အသိအမှတ်ပြုထားခြင်းရှိမရှိ။
- ဆရာသည် အခြေအနေတစ်ရပ်အပေါ် မူတည်သော ယာယီလက်မှတ်ကို ကိုင်ဆောင်ထားခြင်းလား။

သင့်ကလေးသည် ကျွမ်းကျင်သင်ကြားရေးလက်ထောက် တစ်ဦးထံမှ သင်ကြားပို့ချခြင်းဆိုင်ရာ အထောက်အပံ့ဝန်ဆောင်မှုကို ရရှိနေခြင်းရှိမရှိကိုလည်း မေးမြန်းနိုင်ပါသည်။ သို့ဆိုလျှင် သင်သည် ကျွမ်းကျင်သင်ကြားရေးလက်ထောက်၏ အရည်အချင်း ပြည့်မီခြင်းနှင့်ပတ်သက်၍ တောင်းဆိုနိုင်ပါသည်။

သင့်ကလေး၏ အတန်းတွင် သင်ကြားသော တာဝန်ရှိ ဆရာများနှင့်/သို့မဟုတ် ကျွမ်းကျင်သင်ကြားရေးလက်ထောက်ဆရာများ၏ အချက်အလက်များကို သင်လက်ခံရယူလိုပါက သင့်ကျောင်းအုပ်ကြီးထံ စာဖြင့် တောင်းဆိုပါ။ ကျောင်းအုပ်ကြီးသည် ရက် 30 အတွင်း အကြောင်းပြန်ပါမည်။

သင့်ကလေး၏ ပညာရေးကို ပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ သင်ကဲ့သို့ မိဘများနှင့် မိသားစုဝင်များနှင့်အတူ ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် BCPS အနေဖြင့် ကျွန်ုပ်တို့၏ပန်းတိုင်များကို ရောက်ရှိအောင်မြင်နိုင်ခြင်းဖြစ်ပါသည်။

ရိုးသားစွာဖြင့်၊

Dr. Myriam Yarbrough
ကျောင်းများ၏ကြီးကြပ်ရေးမှူး